# သခင့်စကား


ဝိညာဉ်ရေးဂျာစာစောင်


> ငါ့စကားသည် သင်တို့၌ တည်လျှင်၊ သင်တို့သည် တောင်းချင်သမျှကို တောင်း၍ရကြလိမ့်မည်။ ယော ၁၅း၇


အမှတ်စဉ် (၂)  အောက်တိုဘာလ  ၂၀၀၁ ခုနှစ်  (ဓမ္မဒါန)


ဘာသာပြန် ဆောင်းပါး

# အချိန်ကိုသုံးနေသလား ဖြုန်းနေသလား



ယနေ့ ကမ္ဘာပေါ်တွင် ငွေစုဘဏ်များ မှိုလိုပေါက်နေသည်။ ထို့ကြောင့် အပိုငွေ ရှိသူတိုင်း ငွေစုနေကြသည်။ ဝါသနာပါ သူတစ်ချို့က တံဆိပ်ခေါင်း စုသည်၊ ရှေးဟောင်းပစ္စည်း စုသည်၊ အဝတ်အစား စုသည်၊ လက်ဝတ် ရတနာများ စုဆောင်းကြသည်၊ စာကြည့်တိုက်များ တွင်လဲ စာအုပ်မျိုးစုံ စုဆောင်း သိုမှီးထားသည်။

ကမ္ဘာပေါ်တွင် အရာဝတ္ထု တော်တော်များများ ကို စုဆောင်း၍ရသည်။ သို့သော် ကျွန်တော် အသက်ရှင်ခဲ့သော သက်တမ်းတစ်လျှောက် အချိန် စုဆောင်းသည့် ဘဏ်၊ ဌာန ၊ အသင်းအဖွဲ့ များကိုတစ်ခါ မှမမြင်ခဲ့ဖူးပါ၊ အကယ်၍ မိတ်ဆွေအနေနှင့် 'အချိန်စုဘဏ်' ကို တွေ့ဖူးပါက ကျွန်တော့်ထံ အမြန်ဆုံး အကြောင်းကြား စေလိုပါ သည်၊ ကျွန်တော် ၏ အချိန်များကို စုဆောင်း သိုမှီး ထားချင်သောကြောင့် ဖြစ်ပါသည်။ သို့သော် မိတ်ဆွေ အနေနှင့်'အချိန်စုဘဏ်'ကိုရှာဖွေ တွေ့ရှိလိမ့်မည် မဟုတ်ဟု ကျွန်တော် ယုံကြည်ပါသည်။

လူ့လောကတွင် လူသားများ အမြဲတမ်း လိုအပ် နေသော အရာသည်၊ ငွေနှင့် အချိန် ဖြစ်သည်၊ သင်၏ အနာဂါတ် အတွက် ငွေကို ရှာဖွေ စုဆောင်း ထားနိုင်သော်လဲ အချိန် ကိုကား လုံးဝ စုဆောင်း ရနိုင် မည်မဟုတ်ပါ၊

အချိန် သည် လူသားများအတွက် အလွန့်အလွန် တန်ဖိုး ရှိသော၊ ပျက်စီးတတ်သော၊ ရင်းနှီးမြှပ်နှံ နိုင်သော၊ အသုံးချနိုင်သော အရာဖြစ်သည်။ ယနေ့အတွက် အချိန်သည် ယခု အသုံးချရန် ဖြစ်သည်၊ ယနေ့သင် ရရှိထားသော အချိန်ကို မနက်ဖြန်တွင် အသုံးချ လို၍ စုဆောင်း ထားနိုင်မည် မဟုတ်ပါ။ လူသားများ အနေနှင့် အချိန်ကို သုံးရန် နှင့် ဖြုန်းရန် အခွင့်အရေး နှစ်ခု ရှိပါသည်။ သင်၏ အချိန်ကို သုံး နေသလား၊ ဖြုန်း နေသလား။

ဘုရားသခင် သည် လူသားတိုင်း အား ချပေးထားသော အရာများတွင် မတူညီသော အချက် များစွာရှိသည်၊ ( ရုပ်ရည်၊ ပညာ၊ ငွေ၊ အရည်အချင်း၊ ရှည်သော အသက်--) သို့သော် လူသားတိုင်းကို ပေးထားသော အချိန်သည် အတူတူ ပင်ဖြစ်သည်၊ နိုင်ငံတော် သမ္မတကြီး လဲ တစ်နေ့လျှင် ၂၄နာရီ ရသည်၊ သူတောင်းစားလဲ တစ်နေ့လျှင် ၂၄နာရီ ရသည်။ ဘယ်သူမှ ပို/လို၍ မရပါ။ လူသားတစ်ဦး သည် တစ်နေ့လျှင် တန်ဖိုးရှိသော အချိန် ၈၆၄၀၀ စက္ကန့် ညီတူ ညီမျှ ရရှိပါသည်။

တစ်နေ့လျှင် ၂၄ နာရီ အသုံးပြုခွင့် ရရှိထားသော လူတစ်ယောက်သည် ယေဘူယျ အားဖြင့် ကျန်းမာရေးအတွက် တစ်နေ့လျှင် ၈ နာရီ မဖြစ်မနေ အိပ်စက် အနားယူရသလို ဝမ်းစာရေး အတွက် အသက်မွေး ဝမ်းကျောင်း အလုပ်ကို တစ်နေ့လျှင် ၈ နာရီ လုပ်ဆောင်နေရသည်။ ကျန်ရှိသော ၈ နာရီအား ဘာသာရေး၊ လူမှုရေး၊ အပန်းဖြေခြင်း၊ ထပ်ဆင့် ပညာသင်ယူခြင်း ကိစ္စများတွင် ပရမ်းပတာ အသုံးပြု နေကြသည်။

မည်သည့် အလုပ်ကို အချိန်လျှော့လုပ်၍ မည်သည့် ကိစ္စကို အချိန်တိုး လုပ်ရမည် ကို ယခုခန စဉ်းစားပါ။ ဆုတောင်းပါ၊ သင်၏ တန်ဖိုး ရှိသော အချိန်ကို ဘုရားသခင်၏ လမ်းပြမှုဖြင့် အကျိုးရှိစွာ သုံးစွဲ နိုင်ရန် ဉာဏ်ပညာ တောင်းခံပါ၊

အချိန်သည် လူအတွက် အလွန်တန်ဖိုး ရှိသော အရာဖြစ်သလို ဖြုန်းတီးရန်လွယ်ကူသော၊ ဆုံးရှုံးနိုင်သော၊ သူတစ်ပါး ခိုးယူနိုင်သော၊ စွန့်ပစ်နိုင်သေး အရာဖြစ်သည်။ ထို့ကြောင့် ရှင်ပေါလု က ဖေက် ၅း၁၆ တွင် *ယခုနေ့ရက် ကာလတို့သည် ဆိုးယုတ်သောကြောင့် ကာလအချိန်ကို ရွေးနှုတ်ကြလော့။* ဟု သွန်သင်ထားပါသည်။

တစ်ချိန်တည်း မှာ အလုပ်နှစ်ခု မလုပ်နိုင်သလို အချိန်ကိုလဲ သားရေကွင်းလို ဆွဲဆန့်၍ မရနိုင်သောကြောင့် အလျင်ဦးဆုံး ဦးစားပေး လုပ်ရမည့် အလုပ်ကို မှန်ကန်စွာ ပိုင်းခြား လုပ်ဆောင် နိုင်ရမည်။ သင့်အားဘုရားသခင် လုပ်စေလိုသော အရာကို သင် မလွဲမသွေ လုပ်ဆောင်ရပေမည်။ အရေးကြီးသော အမှုကိစ္စကို အချိန် မှီ လုပ်ဆောင် ရန်လိုပေသည်။ ဤ နေရာ တွင် အရေးပေါ် ကိစ္စကို အချိန်မှီ လုပ်ရမည်ဟု ကျွန်တော်မပြောလိုပါ။

အရေးကြီးသော ကိစ္စနှင့် အရေးပေါ်သော ကိစ္စကို သေသေချာချာ ခွဲခြားတတ်ဖို့ လိုပါသည်။ အရေးပေါ် ကိစ္စတိုင်း အရေးမကြီး တတ်ပါ၊ ဘာသာရေး ခေါင်းဆောင်များနှင့် စီးပွားရေး ခေါင်းဆောင်များအား မိမိတို့၏ အချိန်နာရီ ကို ခိုးယူ/လုယူ သော သူများ (အချိန်သူခိုး) သည် အဘယ်သူနည်း၊ ဟု မေးမြန်းကြည့်ရာမှ ရရှိလာသော အဖြေတစ်ချို့ကို အောက်တွင်ရေးသား ဖော်ပြလိုက်ပါသည်၊

- –အချိန်ဆွဲခြင်း၊
- –နေ့စဉ် အချိန်ဇယား မဆွဲဘဲ စိတ်ပါသည့် အလုပ်ကို ကြုံသလို လုပ်ဆောင်တတ်ခြင်း၊
- –ဦးစားပေးမှု မှားနေခြင်း၊
- –မချိန်းထားသော အရေးမကြီးသည့် ဧည့်သည်အား ဧည့်ဝတ်ပြုနေရခြင်း၊
- –အကျိုးမရှိသော အချည်းနှီး (စကားပြော၊ တယ်လီဖုန်းဆက်သွယ်၊ စာဖတ်) ခြင်း
- –ပျင်းရိခြင်း၊

ဤအချက်များကို မိမိကိုယ်တိုင် ရွေးချယ် စီစစ်၍ မိမိပိုင်သော အချိန်ကို အကျိုးရှိစွာ အသုံးချတတ်ဖို့ လိုပါသည်။ လူသားတိုင်းတွင် မိမိ တို့ ဦးစားပေး လုပ်ဆောင်သော ဝါသနာပါသည့် (အားကစား၊ စာပေ၊ ဂီတ၊ လက်မှု) အရာ တစ်ခုခု ရှိ နေတတ်ပါသည်၊ ဝါသနာ ပါသည့် အရာကို လုပ်ရင်း အချိန် မဖြုန်းသင့်ပါ။ ထိုအရာ သည် ဘုရား အလိုတော်နှင့် ညီရန်၊ မိမိနှင့် အခြားသူများအတွက် အကျိုးရှိသောအရာ ဖြစ်ဖို့ လိုပါသည်။


မင်း အောင် သက် လွင် စိ စဉ် ထုတ် ဝေ သည်။

ယနေ့သည် မနက်ဖြန် အတွက် ရင်းနှီးမြှပ်နှံ ရမည့်အချိန် (အရင်း) ဖြစ်သည်။ ယနေ့သည် မနက်ဖြန်၏ အဖြေ ဖြစ်သည်၊ ယနေ့သည် မနက်ဖြန်၏ ဆုလာဘ် ဖြစ်သည်။ ယနေ့တွင် သင်စိုက်ပျိုးလိုက်သော အရာကို မနက်ဖြန်တွင် သင်ရိတ်သိမ်း ရလိမ့်မည်။ ကျွန်တော်တို့ လက်ထဲတွင် ဘုရားရှင် ပေးထားသော ယနေ့ အချိန်နာရီကို မှန်ကန်စွာ ရင်းနှီး မြှပ်နှံ တတ်ရပါမည်။ ဘုရားရှင် ပေးထားသော အချိန်နာရီ ကို သင် မှန်ကန်စွာ ရင်းနှီး မြှပ်နှံ နိုင်ပါက သာဓုသစွာ ရှိသော ငယ်သားကောင်း ဟု သခင်၏ ချီးမွမ်းခြင်းကို ခံရမှာဖြစ်ပြီး မှန်ကန်စွာ ရင်းနှီးမြှပ်နှံ မှုမရှိပါက ဆိုးညစ်ပျင်းရိသော ငယ်သား ဟု သခင်၏ အပြစ်တင်ခြင်း ကို ခံရပေလိမ့်မည်။

ကျွန်တော်တို့ရဲ့ အသက်တာမှာ တိုးပွားများပြား ဖို့ ဘုရားရှင် အလိုတော် ရှိကြောင်း အောက်ပါ ကျမ်းချက်များ အရ သိနိုင်ပါသည်။

–အချင်းတို့ များပြားစွာ မွေးဖွားကြလော့၊ က ၁း၂၈

–သင်တို့သည် သွား၍ တည်ကြည်သော အသီးကို သီးမည်အကြောင်းနှင့်––– ယော ၁၅း၁၆

ဘုရားရှင် ပေးထားသော ငွေ၊ စွမ်းရည် နှင့် အချိန်နာရီ ကို မှန်ကန်စွာ ရင်းနှီးမြှပ်နှံ၍ တိုးပွားစေပါ။ ဘုရားရှင် ပေးထားသော အချိန်တစ်စက္ကန့် စီကို တန်ဖိုးရှိစွာ အသုံးချပါ။ သင် နေ့စဉ်လုပ်ရမည့် အလုပ်များကို မည်သည့် အချိန်တွင် ပြီးစီးအောင် လုပ်ရမည်ကို သေချာ စွာသိနိုင်ရန် နေ့စဉ်အချိန်ဇယား ဆွဲ၍ တစ်ပတ်တာ အတွက် စာရင်း ပြုစုပါ။ တစ်ပတ် ကုန်လွန်သွားပါက သင်၏ အချိန်ဇယား အတိုင်း သင် ပြီးမြောက်အောင် ဆောင်ရွက် နိုင်မှု ရှိမရှိ ပြန် စစ်ဆေးပါ။ ထိုအခါတွင် သင်၏ ဆုံးရှုံးသွားသော အချိန်များ ၊ သင်၏ တန်ဖိုး ရှိသော အချိန်များကို လာရောက် ခိုးယူသော 'အချိန်သူခိုး ' များကို သင် တွေ့ရှိ လာလိမ့်မည်။

အရေးကြီးသောအရာကို ပထမ ဦးစားပေးရပေမည်။ ကျွန်တော်တို့၏ အသက်တာတွင် လိုအပ်သော နာရီ နှင့် သံလိုက်အိမ်မြှောင် ဆိုသော ကိရိယာ နှစ်ခုကို မှန်ကန်စွာ ခွဲ ခြား သိမြင် တတ်ဖို့ လိုပါသည်။

–နာရီ သည် ကျွန်တော်တို့၏ လုပ်ဆောင်မှု ၊ ချိန်းဆိုမှု ၊ အစီအစဉ်များ၊ လုပ်ငန်းစဉ် နှင့် မည်သို့မည်ပုံ လုပ်ကိုင် ရမည် ကို လမ်းညွှန်ပေးသော ကိရိယာ ဖြစ်သည်။

–သံလိုက်အိမ်မြှောင် သည် ကျွန်တော်တို့၏ ရူပါရုံ ၊ ရည်ရွယ်ချက်၊ ဦးတည်မှု၊ အကောင်းအဆိုး ခွဲခြားနိုင်ရန် ပြညွှန် ပေးသော ကိရိယာ ဖြစ်သည်။

ဘုရားရှင်၏ နှုတ်ကပါတ်တော်က သင့်အား နာရီ နှင့် သံလိုက်အိမ်မြှောင် ကဲ့သို့ သင့်အသက်တာကို လမ်းပြပို့ဆောင် နေပါသည်။ သမ္မာသတိ ရှိစွာဖြင့် နာခံ လိုက်လျှောက် ရမည်မှာ သင်၏ တာဝန် သာဖြစ်သည်။

*သင်သည် လက်ျာဘက် ၊ လက်ဝဲဘက်သို့ လမ်းလွဲလျှင် ၊ ဤမည်သော လမ်းသည်မှန်၏၊ ဤလမ်း၌သွားလော့ဟု သင့်နောက်၌ ပြောသော စကားသံကို ကိုယ်နားနှင့်ကြားရလိမ့်မည်။ ဟေရှာယ ၃၀း၂၁*

*ငါ့ထံသို့ ချဉ်းကပ်၍ ဤစကားကို နားထောင်ကြလော့၊ ရှေ့ဦးစွာမှစ၍ တိတ်ဆိတ်စွာမဟော၊ အမှုဖြစ်စ ကာလ၌ငါရှိ၏။ ဟေရှာယ ၄၈း၁၆*

*သင့်ကို ရွေးနှုတ်သောသူ ဣသရေလ အမျိုး၏ သန့်ရှင်းသော အရှင် ထာဝရဘုရား မိန့်တော်မူသည်ကား ၊ ငါသည်သင်၏ အကျိုးနှင့် ယှဉ်သော အရာကို သွန်သင်၍ သင်သွားအပ်သော လမ်းဖြင့် ပို့ဆောင်သော သင်၏ ဘုရားသခင် ထာဝရဘုရား ဖြစ်၏။ ဟေရှာယ ၄၈း၁၇*

ဘုရားသခင်သည် သစ္စာရှိသော ဘုရားဖြစ်သည် ၊ ထို့ကြောင့် သင့် လိုအပ်ချက်များကို ယုံကြည်ခြင်းဖြင့် ဆုတောင်းခံပါက ဘုရားရှင်က အလိုတော်နှင့် အညီ အဖြေချ ပေးသနား ပါလိမ့်မည်၊ သင်သွားရမည့် လမ်းခရီး ကို ပြညွှန် ပါလိမ့်မည်၊ ဘုရားရှင်၏ နှုတ်ကပါတ်တော်စကားကို သင်၏ ကိုယ်ပိုင် နာရီ နှင့် သံလိုက်အိမ်မြှောင် ကဲ့သို့ စိတ်ချစွာ အားကိုးနိုင်ပါသည်။

(မင်းအောင်သက်လွင်)

ဝန်ခံချက်။ ။ John Gagliardi ရေးသားသော TIME - USE IT OR LOSE IT! အား ဆီလျော်အောင် မြန်မာဘာသာ ပြန်ဆိုပါသည်။

*တရားတော်*

သည်မယ် – သူငယ်ချင်း
သူ ဟာလေ–––
လောကခါတ် သိပ္ပံ
နက်နဲတဲ့ သင်္ချာ
ဖော်မြူလာ ဗရပွ လိမ်းကျံထားတဲ့
နောက်ဆုံးပေါ် 'တောနစ်' တော့မဟုတ်ဘူး။

သူ့အရသာ
သူ့အစွမ်း
မြည်းစမ်း ချင်ရဲ့ဆိုပြီး
ဝေဟင် မှာ ဝဲ လို့ရှာ
ငှက်ခြေရာ လေ မှာတွေ့ ရိုးလားကွာ။

သူ့ကဗျာ
သူ့ လင်္ကာ
ခံစား နားလည်ဖို့
ဟိုး ပင်လယ် တစ်ဘက်ကမ်း
စိတ်မှန်း နဲ့တောင်
ရမ်းမကူး နဲ့ သူငယ်ချင်း။


ဝေဟင် မှာ မရှိ
ပင်လယ် မှာ နစ်ဖို့

သူ့ရဲ့အရှိတရား
မင်း နှလုံးသား
မင်း နှုတ်ဖျားမှာ
ပုဝါ တစ်ကမ်း၊ လက်တစ်လှမ်းပါ သူငယ်ချင်း
ခုပဲ ဆွဲယူလိုက်တော့နော်။ ။

(ဝင်းမြင့်ဦး)
၂၀–၉–၂၀၀၁

တောနစ် ( TONIC ) = အားတိုးဆေး

အခြေပြုကျမ်း – တရားဟောရာကျမ်း ၃၀း၁၁၊၁၅



"အားနာလိုက်တာ.. ကိုယ်တော် ရယ်.. ကျွန်တော့်
... ခြေထောက် မဆေး ပေးပါနဲ့...
မော်တော်ကား ကို ပဲ ပြောင်အောင် ဆေးပေးပါ.. ဟဲဟဲဟဲ..."

**ပျောက်ဆုံးခြင်း – ကြော်ငြာ**

မနေ့ က နေဝင်ချိန် နှင့် နေထွက်ချိန် စပ်ကြားတွင် ရွှေငွေ ရတနာ ထက်မက တန်ဖိုးရှိသော အချိန် တစ်နာရီ ပျောက်ဆုံးသွားပါသည်။ ရှာဖွေ တွေ့ရှိသူကို ကျေးဇူးမဆပ်ပါ။ အဘယ့်ကြောင့်ဆိုသော် ထို အချိန်သည်၊ ထာဝရ ပျောက်ဆုံးသွားပြီ ဖြစ်သောကြောင့်တည်း။

# ဆာငတ်မွတ်သိပ်သော ဝိညာဉ်အတွက် ရေကြည်အေးအေး တစ်ခွက်

သက်သေခံချက်



ကျွန်မ စင်ကာပူမှာ လာရောက် ပညာ သင်ကြားနေတာ ၃ နှစ်လောက်ရှိပါပြီ။ နောက်ဆုံးနှစ် ကို ရောက်လာ တဲ့ အချိန်မှာတော့ ကျွန်မ ရွေးချယ်ထားတဲ့ သူနာပြုခြင်း ဘာသာရပ်ကို စိတ်ကုန်စ ပြုလာပါပြီ။ သူနာပြု သင်တန်း ရဲ့ ပထမ နှစ် အစမှာ ကတည်းက ဆေးရုံ မှာ လက်တွေ့ကွင်းဆင်း ရတဲ့အခါတိုင်း ကျွန်မ အိမ်ကို မျက်ရည်နဲ့ ပြန်ခဲ့ရပါတယ်။ ဘာသာစကား နားမလည်မှု၊ သင်ကြားရေး ပညာစနစ်တွေ အဆင့်မြင့်မှု တို့ကြောင့် စိတ်ဓါတ် အကြီးအကျယ် ကျခဲ့ရပါတယ်။ ဘုရားသခင်ကိုလဲ အပြစ်တင်ခဲ့ မိပါတယ်။

စင်ကာပူ နိုင်ငံဟာ အစစ အရာရာ တိုးတက်သာလွန် နေသည်သာမက စင်ကာပူ နိုင်ငံသားတွေ ရဲ့ သူတို့ နိုင်ငံကို အထင်ကြီးမှု ၊ တိုင်းတပါး က နိုင်ငံခြားသား ကို ကဲ့ရဲ့ အထင်သေးမှုဟာ ကျွန်မရဲ့ ဘဝ အခြေအနေကို အားငယ်စေတယ် ၊ စိတ်ဆင်းရဲ ပင်ပန်းနွမ်းနယ် စေခဲ့ပါတယ်။

ကျွန်မ သူနာပြု အလုပ်ကို ရွေးချယ်ရခြင်းဟာ လူသားတွေကို အကျိုးပြု ချင်သောစိတ်၊ သခင်ယေရှု ရဲ့ သတင်းကောင်းကို ဝေမျှ သက်သေခံ ချင်တဲ့စိတ်၊ ကိုယ်တော်ရှင်ရဲ့ တရားရေအေး အားဖြင့် လူနာတွေ ရဲ့ ရောဂါကို ငြိမ်းချင်တဲ့စိတ်နဲ့ ရွေးခဲ့တာပါ။ ကျွန်မ စိတ်ကူးထားတာ နဲ့ တကယ့်တကယ် လက်တွေ့ ကြုံရတာတွေ က ကွာဟလွန်းတဲ့ အချိန်မှာတော့ သူနာပြု အလုပ်ကို စွန့်လွှတ်ဖို့ ကျွန်မ စိတ်ကူးလိုက်ပါတယ်။ ဆေးရုံမှာ ၃ နှစ်လုပ်ပေးပြီးရင် တခြား ဝါသနာပါတဲ့ အလုပ်တစ်ခုခု ကို ပြောင်းလုပ်ဖို့ ဘုရားသခင် ဆီမှာ ဆုတောင်းခဲ့ပါတယ်။

ဒီလိုနဲ့ တစ်နေ့မှာ တော့ ကျွန်မဟာ စင်ကာပူ မှာရှိတဲ့ စိတ်ရောဂါ ဆေးရုံ WOODBRIDGE HOSPITAL (MENTAL HOSPITAL) မှာ လက်တွေ့ သင်တန်းဆင်းဖို့ အခွင့် ကြုံလာခဲ့ပါတယ်။ အဲဒီ အတောအတွင်း မှာ ဘုရားသခင်က ကျွန်မရဲ့ စိတ်ကို အပြောင်းလဲကြီး ပြောင်းလဲ စေခဲ့ပါတယ်။ တစ်ချိန်က အစစ အရာရာ ဖွံ့ဖြိုးတိုးတက် ပြီး အကောင်းတကာ့ အကောင်းဆုံးဟာ စင်ကာပူ ဘဲလို့ ထင်ခဲ့တဲ့ ကျွန်မ ၊ ဒီဆေးရုံကို ရောက်သွားချိန်မှာတော့ စင်ကာပူနိုင်ငံကို ကရုဏာ သက်မိပါတယ်။

ဆေးရုံပေါ်မှာ ရှိတဲ့ စင်ကာပူ နိုင်ငံသား လူနာ အားလုံး လိုလိုဟာ ဦးကျောက်မှုမမှန်ခြင်း၊ စိတ်ဓါတ်ကျဆင်းခြင်း၊ ငွေကြေး မလုံလောက်၍ စိတ်သောက ရောက်နေခြင်း၊ မိသားစု ပြဿနာ၊ လုပ်ငန်းခွင် ပြဿနာ၊ ---ပြဿနာ၊ --ပြဿနာ များစွာတို့ကို ရင်ဆိုင် နေရသောကြောင့် မိမိကိုယ်ကို သေကြောင်း ကြံစည်ချင်သူများ၊ ဦးကျောက် မှုမမှန်တော့၍ မိသားစု အသိုင်းအဝိုင်း က လက်မခံ ချင်တော့ဘဲ စွန့်ပစ် ထားသော သူများစွာ နဲ့တွေ့ဆုံ ခဲ့ရပါတယ်။

သူတို့ ခံစားနေရတဲ့ ဝေဒနာဟာ ကျွန်မရဲ့ နှလုံးသားကို ထိခိုက် ကြေကွဲ စေခဲ့ပါတယ်။ ဘာကြောင့် သူတို့ ဒီလို ဝေဒနာ ခံစားနေရတာလဲ လို့ ဘုရားသခင်ကို မေးခွန်း ထုတ်မိတယ်။ 'ဘုရားသခင် သမီး ရဲ့ အပြစ် လောကီသား အားလုံး ရဲ့ အပြစ်ကို ခွင့်လွှတ်ပြီး ဤ ရောဂါဝေဒနာသည်များ ကို ကုသပေးတော်မူပါ 'လို့ စိတ်မကောင်းခြင်း ကြီးစွာနဲ့ ကျွန်မ ဆုတောင်းခဲ့ ပါတယ်။

ကျွန်မ တာဝန်ကျတဲ့ အဆောင်က လူနာတွေဟာ ရောဂါမျိုးစုံ ၊ ပြဿနာ မျိုးစုံ ခံစား ကြရပါတယ်၊ သူတို့ရဲ့ရောဂါ ဝေဒနာ တချို့တစ်ဝက် သက်သာစေချင်တဲ့ ဆန္ဒ နဲ့ ကိုယ်တော်ရှင် ရဲ့ တရားတော်မြတ် ကို ဟောကြား ချင်တဲ့ ဆန္ဒ တို့ကြောင့် E-MAIL ကရရှိတဲ့ ကျမ်းစာ ကဗျာ စာသားလေး တွေကို ရောင်စုံ စာလုံးလေး တွေနဲ့ အလှဆင် ပြုလုပ်ပြီး သူတို့ကို ဝေမျှခဲ့ပါတယ်။ သူတို့ အမှန်တကယ်ဘဲ စိတ်နှလုံး ငြိမ်သက်ခြင်း ခံစားရတာကို တွေ့ခဲ့ ရပါတယ်။ အဲဒီအခါမှာ သူတို့ကို ကြည့်ပြီး ကျွန်မ ရင်ထဲမှာ နှိုင်းဆ လို့ မရတဲ့ ပီတိ ကိုခံစားလိုက်ရပါတယ်။ မပြောပလောက်သော အပြုအမူလေး တစ်ခု ကို ကျွန်မ လုပ်ဆောင် လိုက်တဲ့အခါ ကိုယ်တော်ရှင်က ထိုအမှုအရာကို လက်ခံပြီး ကောင်းကြီးပေးတဲ့ အတွက် တစ်ချိန်က သူနာပြု အလုပ်ကို ၃ နှစ်တာဝန် ထမ်းဆောင်ပြီးရင် စွန့်လွှတ်ပြီး၊ ဝါသနာ ပါရာ အလုပ်တစ်ခုခု ပြောင်း လုပ်ဖို့ စိတ်ကူးထားတဲ့ ကျွန်မဟာ ဒီခုချိန်မှာတော့ ဒီ သူနာပြု အလုပ် ကို ဘဲ တစိုက် မတ်မတ် လုပ်သွားဖို့ ၊ စိတ်ပါဝင်စားမှု ရှိလာနိုင်ဖို့ ဘုရားရှင်ထံမှာ ပြောင်းပြီး ဆုတောင်း ခဲ့ပါတယ်။

ရေငတ်နေသူ အတွက် ရေကြည်ငယ်လေး တစ်စက်သည် အမောပြေ စေသလို၊ ကိုယ် လုပ်လိုက်သော အမှုအရာလေးသည် သေးငယ် လင့်ကစား ဝိညာဉ်ရေးရာ ဆာလောင် မွတ်သိပ် နေသူများ အတွက် အမှန်တကယ်ဘဲ ဝိညာဉ်အဆာပြေ ခွန်အား ဖြစ်စေခဲ့ပါတယ်။ မိမိမှာ အစွမ်းအစ မရှိလို့ စိတ်အားငယ် နေပါသလား၊ တွေဝေနေပါသလား၊ သေးငယ်သော အပြုအမူလေး ဖြစ်ပါစေ ဘုရားရှင် ပါရှိလျှင် ကြီးမားသော အမှု ဖြစ်လာနိုင်ကြောင်း အသက်တာမှာ သက်သေထူလာ နိုင်ပေမည်။ ဆာလောင်မွတ်သိပ်သော ဝိညာဉ် နှင့်၊ အကူအညီ လိုအပ်နေသူများကို ဖေးမလျက် ငြိမ်သက်ခြင်း ပေးဝေကြပါစို့လား မိတ်ဆွေ။

*သင်တို့သည် သခင်ဘုရား၏ အမှုတော်ကို ဆောင်ရွက်၍ အကျိုးကြီးသည် ကို သိမှတ်သဖြင့် တည်ကြည်သော စိတ်နှင့် ပြည့်စုံ၍ မရွေ့လျော့ မတိမ်းယိမ်း ဘဲလျက်၊ သခင်ဘုရား၏ အမှုတော်ကို ကြိုးစား အားထုတ်ကြလော့။ ၁ကော ၁၅း၅၈*

သခင်ခရစ်တော် အတွက် အမှုဆောင် ဝန်ထမ်းခြင်းသည် မည်သည့် အခါမှ မထိုက်တန်ခြင်း ၊ အချည်းနှီး ဖြစ်ခြင်းများ မရှိရကား၊ ပြုလေရာရာ ၌ ကိုယ်တော် အား ဆက်၍ အစဉ် ရိုသေ လေးမြတ်ရန် နှင့် အစေခံရန် တိုက်တွန်း အားပေး လိုက်ပါတယ်။ သခင်ဘုရား အတွက် လုပ်ဆောင်သော အရာတစ်ခုမှ အရှုံးပေါ် အလဟသ ဖြစ်သည်ဟူ၍ မရှိပါ။


ကျွန်မ တို့ဟာ တစ်ခါတစ်ခါ ကိုယ် လုပ်လိုက်တဲ့ သေးငယ်သော အရာလေး အတွက် စိတ်အားငယ် နေမိတယ်၊ အားမလို ၊ အားမရဖြစ်မိတယ်၊ ကိုယ့်မှာ အစွမ်းအစ နည်းတယ်၊ အရည်အချင်း မမှီဘူးလို့ထင်မိမယ်၊ ဒါပေမဲ့ ဘယ်လိုဘဲဖြစ်ဖြစ် ဘုရားသခင် အတွက်ကိုယ့်မှာ ရှိတဲ့ အစွမ်းအစလေးနဲ့ ပါဝင် ဆက်ကပ် သွားမယ်ဆိုရင် သေးငယ်သော အမှုအရာလေး ဖြစ်လင့် ကစား အချိန်တန်လျှင် ကြီးမားသော အမှု ဖြစ်ပြီး ဘုရားရှင်ကို ဝမ်းမြောက်စေ၍ ဘုန်းတော်ထင်ရှား မှာ အမှန်ဘဲ ဖြစ်ပါတယ်။

ဖတ်ရှု ရသောသူ အယောက်စီတိုင်း မိမိတို့ တတ်နိုင်သမျှ လူသားတွေ အတွက် အကျိုးရှိစွာ အသက်ရှင်ပြီး၊ ဘုရားသခင်၏ ဘုန်းတော် နာမတော် ကို ထင်ရှား နိုင်ပါစေ။ ကိုယ့် အစွမ်း ရှိသလောက် ဘုရားသခင် အတွက် အစေခံ နိုင်ကြပါစေ။

ယေရှု၏ မြတ်သော နာမတော်အားဖြင့်
သောရှီး (နန်းစင်ဖြူ)

# နောက်ဆုံးအခွင့်အရေး

ခံစားမှုရသ ဝဏ္ဏတို



အခန်း (၁)

ယေရှု ခရစ်တော် ကို စိတ်နှလုံး ဖြင့် အကြွင်းမဲ့ ယုံကြည် လက်ခံပြီး သူတိုင်းအား အသင်းတော်ဘောင် (ခရစ်ယာန် မိသားစု ) အတွင်းသို့ သွတ်သွင်းသည့် အခမ်းအနား ဖြစ်သော ဗတ္တိဇံ မင်္ဂလာ ခံယူသည့် အခမ်းအနား တခုတွင် ကျွန်မ သည် နှစ်ခြင်းခံရန် မိမိ အလှည့်ကျမည့် အချိန်ကို တန်းစီ စောင့်နေရင်း စိတ်ကူးအတွေးများက လွန်ခဲ့သော ရက် အနည်းငယ် က ကိုယ်တိုင် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက် ဆီသို့ ပြန်ပြောင်း သတိရနေမိသည်။

အခန်း (၂)

ကျွန်မ သည် အမေရိကန်နိုင်ငံ ၊ နယူးယော့မြို့ ရှိ WORLD TRADE CENTER ၏ ၆၄ ထပ်တွင် ဖွင့်လှစ်ထားသော A&K INFRO WARE CO.LTD တွင် COMPUTER MANAGING DIRECTOR အဖြစ် တာဝန် ထမ်းဆောင် နေသော မြန်မာ အမျိုးသမီး တစ်ယောက် ဖြစ်သည်။ အမေရိကန် နိုင်ငံသား မိတ်ဆွေများက ကျွန်မ ၏ မြန်မာ နာမည် 'ဥမ္မာ' ကို ပီပီ သသ မခေါ်တတ်၍ 'အုံနာ' (OWNER ) ဟု ချစ်စနိုး နှင့်ခေါ်ကြသည်။ ကျွန်မ က 'မောင်' ဟု ခေါ်သော Mr. Dawn Willian Saw ဟူသည့် ချစ်သူ တစ်ယောက် ရှိသည်။ မောင် သည် ကျွန်မ ကို သူယုံကြည် ကိုးကွယ်သည့် ဘုရားအကြောင်း မကြာခန ပြောပြလေ့ ရှိပါသည်၊ ထိုအထဲတွင် ဝိညာဉ် ကယ်တင်ခြင်း စိတ်ချမှု (ကျွန်မ မမှတ်မိတော့ပါ ) များကိုပါ ပြောပြခဲ့သည်။ ကျွန်မ စိတ်ဝင်စားမှု မရှိခဲ့သော်ငြား မောင့်ကို ချစ်တဲ့စိတ်ကြောင့် (Yes Honey)2နှင့် သူ့ကို စိတ်ချမ်းသာ စေခဲ့ပါသည်။

အခန်း (၃)

၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်၊ ကြည်လင်သာယာသော နံနက်ခင်း အချိန်တွင် အရေးကြီးသော အလုပ်ကိစ္စများကို ကျွန်မ စိတ်ဝင်တစား လုပ်နေခိုက် ကျယ်လောင် ပြင်းထန် သော ပေါက်ကွဲသံကြီး ကို နီးနီး ကပ်ကပ် ကြားလိုက်ရပြီး၊ W.T.Cအဆောက်အအုံ တစ်ခုလုံး သိမ့်သိမ့် တုန်သွားပါသည်။ ဘာဖြစ်မှန်း မသိသေးခင်မှာ မောင် ဟာ ကျွန်မရဲ့ အခန်းထဲကို ရုတ်တရက် ပြေးဝင်လာပြီး 'come on baby' ဟုအော်၍ ကျွန်မ လက်ကို အတင်းဆွဲကာ အုတ်လှေကားအတိုင်း (ဓါတ် လှေကား ပျက်သွားသောကြောင့်) အောက်ထပ်သို့ ပြေးဆင်းလာခဲ့သည်၊ W.T.C တစ်ခုလုံး ဆူညံအော်ဟစ်သံ များဖြင့် ပွက်လောရိုက်ကာ ကမ္ဘာပျက် သည့်အလား ခံစားလိုက်မိပါသည်။ ၅၇ ထပ်သို့ ရောက်သောအခါ မောင် ရုတ်တရက် ရပ်လိုက်ပြီး 'ဘေဘီ တို့ဆက်ပြေးလို့ မလွတ်တော့ဘူး၊ စိတ်ငြိမ်ငြိမ်ထားပြီး နားထောင်ပါ၊ တို့ သေဖို့ ၉၉ ရာခိုင်နှုန်း သေချာသွားပြီ၊ တို့နဲ့ အတူ တို့ကိုးကွယ်တဲ့ ယေရှုခရစ်တော် ဘုရား ဆီမှာ တို့ရဲ့ ဝိညာဉ်ကို ဆက်ကပ်အပ်နှံရင်း ယေရှုခရစ်တော် ကို ကယ်တင်ရှင် အဖြစ်လက်ခံပါ ဘေဘီ အရင်တုံးက တို့ ပြောခဲ့တာကို ဘေဘီ စိတ်မဝင်စားမှန်း တို့ ရိပ်မိပါတယ်၊ ဒီတစ်ခါတော့ ဘယ်လိုမှ ညာလို့ မရတော့ဘူး ဘေဘီ ၊ ဒါဟာ မင်းရဲ့ နောက်ဆုံးအခွင့်အရေးဘဲ၊' လို့ပြောလိုက်ပါတယ်၊ သေရမဲ့ အရေးကို တွေးပြီး ကျွန်မ ခေါင်းနပန်းကြီး သွားပါသည်။ ကြောက်စိတ်များ ကြားမှ မောင်ရှေ့မှ တိုင်ပေးသော ဆုတောင်းချက်လေးကို တုန်ရီစွာ ရွတ်ဆိုရင်း ပြိုကျလာ သော အဆောက်အဦ ၏ အစိတ်အပိုင်းများ မထိခိုက်စေရန် အတတ်နိုင်ဆုံး ကာကွယ် ပေးထားသော မောင့် ရင်ခွင်ထဲတွင်ပင် လောကအမှောင်ထု ထဲသို့ ကျွန်မ ရောက်ရှိ သွားပါတော့သည်။

အခန်း (၄)

၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်

သတိ ရလာ၍ မျက်လုံးဖွင့်ကြည့်လိုက် သောအခါ ကျွန်မ၏ တကိုယ်လုံး တွင် အောင်စီဂျင်ပိုက်များ၊ သွေးပိုက်များဖြင့် ထိုးနံ့ထားသော မြင်ကွင်းကို ထိတ်လန့် စရာကောင်းအောင် တွေ့လိုက်ရပါသည်။ မောင် ကျွန်မ ဘေးတွင် ရှိမနေသောကြောင့် 'မောင် ဘယ်မှာလဲ' လို့မေးစရာ မလိုတော့လောက်အောင် မောင် တစ်ယောက် သူပြောနေကျ ဖြစ်သော ကောင်းကင်ဘုံတွင် ရောက်ရှိနေပြီဆိုတာ ကျွန်မ အတွင်းစိတ်က အလိုလို သိရှိသွားပါသည်။

တစ်ခုခု ထူးခြားလျှင် 'ကျေးဇူးတော်ဘဲ' ဟု မောင် ပြောခဲ့ဖူးသလို ကျွန်မ ရင်ထဲတွင်လဲ 'ကျေးဇူးတော်ဘဲ' ဟု အရင်က မသိခဲ့ဖူးသော ယေရှုခရစ်တော်ကို မောင် ပြောနေကျ စကားအတိုင်း ကျွန်မ လှိုက်လှဲစွာ ပြောလိုက်မိပါသည်။ အဘယ့်ကြောင့်ဆိုသော် နောက်ဆုံးအခွင့်အရေးကို ကျွန်မ ရရှိခဲ့သောကြောင့်ဖြစ်သည်။

အခန်း (၅)

သင်းအုပ်ဆရာထံမှ 'မစ္စစ် အုံနာ၊ နှစ်ခြင်းခံရန် ရေထဲ ဆင်းလာပါ' ဟူသော ခေါ်သံကြားရမှ ကျွန်မ အတွေးများ ပြတ်တောက်သွားပြီး သတိတရ နှင့် ရေထဲ ဆင်းလာမိသည်။ ရေထဲမှ ကျွန်မ ပြန်တက် လာချိန်မှာတော့ ကောင်းကင်ဘုံ တွင်ရောက်နှင့်နေပြီ ဖြစ်သော 'မောင်' တစ်ယောက် ဝမ်းသာကြည်နူး စွာဖြင့် ကျွန်မ ကို ပြုံးကြည့် နေမှာဘဲ ဟူသောအတွေးဖြင့် ကျွန်မ ရဲ့ဝိညာဉ်ကယ်တင်ခြင်း စိတ်ချမှု ရခဲ့သည့်အတွက် ကျွန်မ ကိုယ်တိုင်လဲ ပြုံးနိုင်ခဲ့ပါပြီ။

ခရစ်တော်၌
ထူးထူးထိုက်
( စိတ်ကူးထဲက -- ခေတ္တ USA)

WORLD TRADE CENTER ပြိုကျသည့် အထဲတွင် ကျွန်မတို့ ကိုယ်တိုင် မပါဝင်ခဲ့ ၍ ကျွန်မ တို့အတွက် ခရစ်တော် က နောက်ဆုံးအခွင့်အရေး ပေးနေသေးသည်ကို သင် သတိပြုမိ ရန်အတွက် မေတ္တာဖြင့် သတိပေး၍ နောက်မကျသေးခင် သင့်ဘဝ စိတ်ချမှု အတွက် ခရစ်တော်ကို ယုံကြည်လက်ခံရန် တိုက်တွန်း လိုက်ပါသည်။